**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး**

**ဟောင်ကောင်မြို့**

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များ ကောက်ခံသည့်ရက်အား (၁၈-၉-၂၀၁၅) ရက်နေ့အထိ ထပ်မံတိုးမြှင့်ကြောင်း အသိပေးကြေငြာချက်

၁။ ဟောင်ကောင်၊ မကာအို နှင့် ထိုင်ဝမ်ဒေသများသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲတောင်းခံနိုင်ရန် **နိုင်ငံပြင်ပရောက်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ ဖြည့်သွင်းရမည့် ပုံစံ (၁၅)** ကို ဖြည့်စွက်၍ ကောင်စစ်ဝန်ချုပ်ရုံးသို့ ၂၈-၈-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပေးပို့ပါရန် ကြေငြာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ပုံစံ (၁၅) များအား** (၁၉-၉-၂၀၁၅) ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်၍ကောက်ခံပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် (၁၀-၉-၂၀၁၅) ရက်နေ့တွင် အကြောင်းကြားလာခဲ့ပါသည်။ ကြိုတင်ဆန္ဒမဲပေးလိုသူများ အနေဖြင့်ဖြည့်စွက်ရမည့် ပုံစံ (၁၅) အား ဟောင်ကောင်၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ **၁၈-၉-၂၀၁၅ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ပန်ကြားအပ်ပါသည်။

၃။ ကြိုတင်ဆန္ဒမဲပေးမည့် မြန်မာနိုင်ငံသားများ၏ အမြဲတမ်းနေရပ်လိပ်စာတွင် ရှိသည့် အခြေခံမဲစာရင်းများတွင် မိမိအမည် ပါဝင်ခြင်းရှိ-မရှိအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ Website လိပ်စာအမှတ် https://checkvoterlist.uecmyanmar.org/ ၌ကိုယ်တိုင်စစ်ဆေးရန်လိုအပ်ပါသည်။ အခြေခံမဲစာရင်းတွင် မိမိအမည်မပါရှိပါက သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်များထံသို့ ဆက်သွယ်၍ အမည်စာရင်းပါရှိရန် ကာယကံရှင်များမှ ဆောင်ရွက်ရန်လိုပါသည်။

၄။ **ပုံစံ (၁၅) အား ဖြည့်စွက်ရာတွင်လည်း မိမိတို့၏ နေရပ်လိပ်စာ၊ မှတ်ပုံတင် အမှတ်အပါအဝင် အချက်အလက်များအား ပြည့်စုံစွာဖော်ပြနိုင်မှသာ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ၊ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများထံ ဆက်လက်ပေးပို့နိုင်မည်ဖြစ်ပြီး မိမိအမည် ပါ/မပါ ဆက်လက်စစ်ဆေးနိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံအတွင်းနေထိုင်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာ များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းတွင်ပါရှိမှသာ ကြိုတင်ဆန္ဒမဲပေးနိုင်မည် ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။**

မြန်မာကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်

# ကြိုတင်မဲအကြောင်း သိကောင်းစရာ

## ကြိုတင်မဲ

၁။ ကြိုတင်မဲဆိုသည်မှာ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မတိုင်မီ ပေးသောမဲဖြစ်ပြီး **မဲဆန္ဒနယ်၏ပြင်ပ**တွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးခွင့်ရှိသော ကြိုတင်မဲနှင့် **မဲဆန္ဒနယ်အတွင်း**တွင် ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးခွင့်ရှိသော ကြိုတင်မဲဟူ၍ (၂) မျိုးခွဲခြားနိုင်ပါသည်။

## မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ

၂။ မဲဆန္ဒရှင်တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် မိမိမဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေပါက **ပုံစံ (၁၅) ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ပါသည်။** ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ-

(က) အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ (နိုင်ငံပြင်ပသို့ တာဝန်ပေးစေလွှတ်ထားသော မြန်မာသံရုံး၊ အဖွဲ့ရုံး နှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၏ အဖွဲ့ဝင်များ၊ ယင်းရုံးများတွင် အစိုးရကပေးအပ်ထားသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေသည့် အခြားပုဂ္ဂိုလ်များ၊ ယင်းတို့အား မှီခိုနေသော ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့် အခြားသူများ၊ အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဝန်ထမ်းများ၊ နိုင်ငံခြားပညာတော်သင်ပုဂ္ဂိုလ်များ နှင့် နိုင်ငံတော်မှ တရားဝင်ထုတ်ပေးထားသော မြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူ ပြည်ပတွင်ရောက်ရှိနေသည့် မည်သူမဆို အကျုံးဝင်ပါသည်။)

(ခ) တပ်မတော်သားများ ၊ ရဲများနှင့် ၎င်းတို့၏ အတူနေ အိမ်ထောင်စုဝင်များ၊

(ဂ) တက္ကသိုလ်ကောလိပ်များမှ ကျောင်းသား/ကျောင်းသူများ

(ဃ) သင်တန်းကျောင်းများမှ သင်တန်းသားများ

(င) ဆေးရုံတွင် တက်ရောက်နေသော အတွင်းလူနာများ

(စ) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ

## ကြိုတင်ဆန္ဒမဲပေးသူများ ဆောင်ရွက်ရန်

၃။ ဖော်ပြပါ မဲဆန္ဒရှင်များသည် ၎င်းတို့ရောက်ရှိနေသည့် နေရာ၌ ဆန္ဒမဲပေးလို ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအမှူးများ၊ မြန်မာသံရုံး၊ မြန်မာအဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများထံမှ ပုံစံ (၁၅) ကို တောင်းယူနိုင်ပါသည်။ မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ပြီးသည့် ပုံစံ (၁၅) များကို သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး အသီးသီးမှ သတ်မှတ်ထားသော နောက်ဆုံးနေ့ရက်အတွင်း အရောက်ပေးအပ်ရမည်ဖြစ်ပါသည်။

၄။ ထို့နောက် ကြိုတင်ဆန္ဒမဲပေးရန် သတ်မှတ်ထားသည့်နေ့တွင် သတ်မှတ်ထားသည့် နေရာသို့ သွားရောက်၍ လွှတ်တော် အသီးသီးအတွက် ဆန္ဒမဲလက်မှတ်များတွင် ဆန္ဒပြု ကြရမည်ဖြစ်ပါသည်။ ဆန္ဒပြုရာတွင် မဲရုံများတွင် အသုံးပြုသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုသည့်အစား ဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။

**ကြိုတင်ဆန္ဒမဲများအား သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်များသို့ဆက်လက်ပေးပို့ခြင်း**

၅။ ကြိုတင်ဆန္ဒမဲလက်မှတ်များကို မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည်ဖြစ်ပြီး ယင်းမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရ မည်ဖြစ်ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ခရိုင် ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့မည် ဖြစ်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရောက်ရှိလာသော ကြိုတင်မဲများကို လုံခြုံရေးကြိုးဖြင့် သေချာစွာ ပိတ်သိမ်းထားသည့် မဲပုံးများတွင် ထည့်၍ သိမ်းဆည်းထားမည်ဖြစ်ပါသည်။

၆။ ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ (၁၅) ဖြင့်တောင်းခံသူများ၏ အမည်များ ရေးမှတ် ထားသည့် ပုံစံ (၁-၁)၊ ပုံစံ (၁-၂)၊ ပုံစံ (၁-၃) တစ်စောင်စီအား မြို့နယ် ကော်မရှင်ရုံးခွဲ နှင့် ရပ်ကျေးကော်မရှင်ရုံးခွဲများတွင် ကြေငြာထားမည်ဖြစ်ပါသည်။

၇။ ရွေးကောက်ပွဲကျင်းပသည့်နေ့၏ ညနေ (၄) နာရီထိုးပြီးသည်နှင့်တစ်ပြိုင်နက် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အသိသက်သေများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် မီဒီယာ များရှေ့မှောက်တွင် မဲပုံးကိုဖွင့်လှစ်မည်ဖြစ်ပါသည်။ **ကြိုတင်ဆန္ဒမဲလက်မှတ်များကိုလည်း ဖွင့်ဖောက်၍ လွှတ်တော်အသီးသီးအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ တစ်ဦးချင်း ရရှိသည့် ဆန္ဒမဲများကို မဲရုံကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များ၊ ပြည်တွင်း/ ပြည်ပ Observer များနှင့် မီဒီယာများ ရှေ့မှောက်တွင် ရေတွက်မည်ဖြစ်ပါသည်။**

၈။ ထို့နောက်ရလဒ်များကို ပုံစံ (၁၈)တွင် ဖြည့်သွင်းမည်ဖြစ်ပြီး ယင်းပုံစံ (၁၈) များကို အများပြည်သူများကြည့်ရှုနိုင်ရန် မြို့နယ်ကော်မရှင်ရုံးရှေ့တွင် ကပ်ထားမည်ဖြစ် ပါသည်။

၉။ **မဲဆန္ဒရှင်များ အထူးသတိထားရမည်အချက်မှာ မိမိတို့၏ အမည်များသည် မိမိတို့ဒေသရှိ မဲစာရင်းတွင်ပါရှိမှ ကြိုတင်ဆန္ဒမဲပေးရန် ပုံစံ (၁၅) ဖြင့် တောင်းဆိုသည့်အခါ မြို့နယ်ကော်မရှင်ခွဲက မဲလက်မှတ်များ ပြန်လည်ပေးပို့နိုင်မည်ဖြစ်ပါသည်။ ပုံစံ (၁၅) အား ဖြည့်စွက်ရာတွင်လည်း မိမိတို့၏ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်အပါအဝင် အချက်အလက် များအား ပြည့်စုံစွာ ဖော်ပြနိုင်မှသာ ယင်းပုံစံ(၁၅)အားသက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ရပ်ကျေးကော်မရှင် အဖွဲ့ခွဲထံ ဆက်လက်ပေးပို့နိုင်မည်ဖြစ်ပြီး ရပ်ကျေးကော်မရှင်အဖွဲ့ခွဲ မှလည်း မိမိအမည် ပါ/မပါ ဆက်လက် စစ်ဆေးနိုင်မည်ဖြစ်ပါသည်။**

၁၀။ ထို့အပြင် မဲဆန္ဒရှင်တစ်ဦးသည် ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သာရေး/နာရေးကိစ္စဖြင့် ခရီးဝေးသွားရောက်ရန်ရှိပါက ရပ်ကျေးကော်မရှင်အဖွဲ့ခွဲသို့ အထောက်အထားခိုင်လုံစွာ တင်ပြလျက် ကြိုတင်မဲပေးခွင့်ရှိပါသည်။ ရွေးကောက်ပွဲမတိုင်ခင် (၂) ရက်အလိုတွင် ရပ်ကျေးကော်မရှင်ရုံးသို့ သွားရောက်၍ ကြိုတင်မဲပေးရန်ဖြစ်ပါသည်။

၁၁။ ဖော်ပြပါ မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးသည့် လုပ်ငန်းစဉ်များကို ရပ်ကျေးကော်မရှင်များက ဆောင်ရွက်မည်ဖြစ်ပြီး မဲရုံကိုယ်စားလှယ်များ၊ မဲရုံအကူကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပ Observer များနှင့် မီဒီယာများမှလည်း ကြည့်ရှုလေ့လာခွင့်ရှိမည်ဖြစ်ပါသည်။

ကိုးကားချက် = ၂၉-၈-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် "တက္ကသိုလ်ဆရာတစ်ဦး" အမည်ဖြင့် ရေးသားထားသည့် "**ကြိုတင်မဲဘယ်လိုပေးကြမလဲ**" ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြခြင်းဖြစ်ပါသည်။